# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 22 , 2023 Volume 70, Number 16

၂၂.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၃.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၇.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၀.၀ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၅၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၀ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၃၅၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) နှင့် ကော်လ်ကတ္တားမြို့ရှိ မြန်မာစီးပွားရေးသံမှူးတို့ တွေ့ဆုံဆွေးနွေးခြင်း




ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) နှင့် ကော်လ်ကတ္တားမြို့ရှိ မြန်မာစီးပွားရေးသံမှူးတို့ တွေ့ဆုံသည့် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ နေ့လည် ၁၄:၀၀ နာရီ အချိန်၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင် Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဦးစီးမှူး၊ ဧရာဝတီတိုင်း ဒေသကြီးဦးစီးမှူးရုံး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များနှင့် အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့မှ မြန်မာစီးပွားရေးသံမှူး အပါအဝင် စုစုပေါင်း (၁၃) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေး မှူးချုပ် ဒေါက်တာထိန်လင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်တို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ကုန်ပစ္စည်း များကို လာရောက်လေ့လာနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ ကုန်သည်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဖိတ်ခေါ်လိုပါကြောင်းနှင့် ရေထွက်ကုန် လုပ်ငန်းများအတွက် နည်းပညာများ ပံ့ပိုးပေးစေလိုပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်

ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် အိန္ဒိယနိုင်ငံ ကျေးလက်ဒေသများတွင်အသုံးပြုနေသည့် ဆိုလာ (Solar) အသုံးပြုမှုစနစ်နှင့် အသင့်ဆောက်အိမ်ယာများအတွက် နည်းပညာအကူအညီများရရှိရေးအတွက် အိန္ဒိယနိုင်ငံရှိ မြန်မာ စီးပွားရေးသံမှူးများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လည် ၁၅:၄၅ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** https://myantrade.gov.mm/article/NPT_21092023-1

## ပြည်တွင်းမတ်ပဲဈေး မြင့်တက်လာ



ပြည်တွင်းမတ်ပဲဈေးမှာ စက်တင်ဘာနောက်ဆုံးပတ် ဝင်ရောက်ချိန် ဈေးမြင့်တက်လာနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

လက်ရှိ ရန်ကုန်ဈေးကွက်တွင် မတ်ပဲ (FAQ/RC) တစ်တန်လျှင် ကျပ် ၂၅၃၈၀၀၀ ပေါက်ဈေးရှိနေပြီး SQ/RC တစ်တန်လျှင်ကျပ် ၂၇၇၈၀၀၀၊ မတ်ပဲ (RAW) တစ်ပိဿာလျှင် ကျပ် ၄၁၃၀ မှ ၄၁၇၀ ဈေးရှိနေကာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ဈေးမြင့်တက်လာခြင်းဖြစ်သည်။

ထို့ပြင် ဆက်တိုက်ဈေးမြင့်ခဲ့သည့် ပဲစင်းငုံနီမှာမူ နိုင်ငံခြားငွေဈေး မတည်ငြိမ်ကာ ယခုတစ်ပတ်တွင် ဈေးပြန်ကျလာပြီး ရန်ကုန်ဈေးကွက်တွင် ပဲစင်းငုံနီတစ်တန်လျှင် ငွေကျပ်သိန်း ၄၀ ဈေး ပေါက်ကြောင်း သိရသည်။

ပဲစင်းငုံနီမှာမူ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး ဝယ်လိုအား နည်းခြင်းကြောင့် ဈေးပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ဆန်လိုအပ်ချက်အရ မြန်မာ့ဒေသထွက်ဆန်ကို တိုးမြှင့်ဝယ်ယူရန်ရှိနေ




ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ဆန်လိုအပ်ချက်အရ မြန်မာ့ဒေသထွက်ဆန်ကို တိုးမြှင့် ဝယ်ယူသွားရန်ရှိနေတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရပါတယ်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်အနေဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံရဲ့ ဆန်လိုအပ်ချက်၊ မြန်မာနိုင်ငံရဲ့ ဆန်ရောင်းချနိုင်မှု အခြေအနေပေါ် မူတည်ပြီး နောက်ထက်ဆန်ဖြူရောင်းဝယ်ရေးစာချုပ်များကိုလည်း ထပ်မံချုပ်ဆို သွားနိုင်ရေးအတွက်ကို ညှိနှိုင်းဆောင်ရွက်လျက်ရှိတယ်လို့လည်း သိရှိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ဆန်ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်အရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ နှစ်စဉ် ဆန်ဖြူတန်ချိန် ၂ သိန်းခွဲနှင့် ပေါင်းဆန် တန်ချိန် ၅ သောင်းကို တင်ပို့ရောင်းချဖို့ ဖြစ်တယ်လို့ သိရပါတယ်။

အခု ၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ်မှာလည်း ဆန်ဖြူတန်ချိန် ၂ သိန်းကိုအောင်မြင်စွာတင်ပို့ထားပြီးဖြစ်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရပါတယ်။

မြန်မာနဲ့ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရအကြားမှာ ဆန်ကုန်သွယ်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီအပြင် ၂၀၂၂ခုနှစ် စက်တင်ဘာလမှာတော့ စီးပွားရေးနှင့်ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဝန်ကြီးဌာနဝန်ကြီးတို့ကနေပြီး နောက်ထပ် ၅ နှစ်တာအတွက်ကို ထပ်မံသက်တမ်းတိုး လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီနားလည်မှု စာချွန်လွှာအရလည်း ၂၀၂၂

ခုနှစ်ကနေ ၂၀၂၇ ခုနှစ်အထိအောင် မြန်မာနိုင်ငံကနေ နှစ်စဉ်ဆန်ဖြူတန်ချိန် ၂ သိန်းခွဲနှင့် ပေါင်းဆန်တန်ချိန် ၅ သောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့၍ရောင်းချဖို့ လက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူကပြောပါတယ်။

ရေးထိုးထားတဲ့ နားလည်မှုစာချွန်လွှာတွေကို အကောင်အထည်ဖော်ဆောင်ရွက်မှုနဲ့ပတ်သတ်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာညွှန်ကြားမှုဦးစီးဌာနတို့ကနေပြီးတော့ ဆန်ရောင်းဝယ်မှုစာချုပ်များကို ချုပ်ဆို၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

**Source:** https://t.me/htwettoe

## ပဲနှမ်းဈေးကွက်အတွင်း မြေပဲဆန်တစ်မျိုးသာ ပေါက်ဈေးအတိုင်း အရောင်းအဝယ်ကောင်းနေ

ပဲ၊ နှမ်းဈေးကွက်အတွင်း မြေပဲဆန်တစ်မျိုးသာ ပေါက်ဈေးအတိုင်း အရောင်းအဝယ်ကောင်းနေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်းကုန်ဈေးနှုန်းကျဆင်းရေး ကြီးကြပ်မှုအဖွဲ့၏ ပြည်တွင်းလုပ်ငန်းများ စစ်ဆေးမှုများနှင့်အတူ ပြည်တွင်းပဲ၊ နှမ်းဈေးကွက်တွင် ပို့ကုန်ပဲများအပါအဝင် ဈေးကွက်တစ်ခုလုံး အနည်းငယ်ဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်သည်။ စက်တင်ဘာလကုန်ပိုင်းရက်များတွင် ပြည်တွင်းပဲ၊ နှမ်းဈေးကွက်မှာ အသစ်ဝင်ရောက်လာသော နှမ်းနှင့်ပဲတီစိမ်းဝင်ရောက်လာမှုရှိသော်လည်း ပေါက်ဈေးအနည်းငယ်ကျဆင်းနေကြောင်း ပဲနှမ်းဈေးကွက်တစ်ခုလုံး အရောင်းအဝယ်အေးပေမယ့် မြေပဲဆန်တစ်မျိုးသာ ပေါက်ဈေးအတိုင်း အရောင်းအဝယ်ကောင်းနေသည်။ နိုင်ငံခြားငွေ ဝန်ဆောင်မှုလုပ်ငန်းများ အရေးယူမှုများနှင့်အတူ ပို့ကုန်ပဲနှမ်းဈေးကွက်မှာ အရောင်းအဝယ်အေးခြင်းဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။

"ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး အရောင်းအဝယ်က တော်တော်အေးသွားပါတယ်။ ပြည်တွင်းသုံးစွဲမှုများတဲ့ ကုလားပဲတောင် ဈေးကျသွားတယ်။ အသစ်ဝင်လာတဲ့ ပဲတီစိမ်းဆိုလည်းဈေးတက်မလာဘူး။ မြေပဲဆန်လေးတစ်ခုပဲ ပေါက်ဈေးလေးနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်တွင်းဆီစက်တွေကိုလည်း ဝင်ရောက်စစ်ဆေးမှုတွေ လုပ်နေတာရှိတော့ ဈေးက ငြိမ်နေပါတယ်။ ဒီအချိန်မှာတော့ နှမ်းနဲ့ပဲတီစိမ်းလေးတွေလည်း အသစ်ဝင်ရောက်နေပါတယ်။ နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်းအချို့ အရေးယူခံရမှုတွေကြောင့် ပို့ကုန်ပဲဈေးကွက်ကတော့ တော်တော်အေးနေပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းကလည်း အနည်းငယ်ဈေးကျဆင်းနေပါတယ်"ဟု ၎င်းကပြောသည်။

စက်တင်ဘာ ၂၁ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၇၂၅၀၀ ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးမြင့်တက်နေရာမှ အနည်းငယ်ပြန်လည်ကျဆင်းသွားရာ စက်တင်ဘာ ၂၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၇၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ်၂၈၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀၀၊ ၉၂၉ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ် ငွေကျပ် ၂၀၈၀၀၀၊ မြေပဲအနီလုံးဆန်(ဝိုင်း)တစ်ပိဿာငွေကျပ် ၇၉၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ယခင်သီတင်းပတ်ထက် သိသိသာသာ ဈေးကျဆင်းသွားရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းညို(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ နှမ်းနက်စမုံ တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ရန်ကုန်နှင့်မန္တလေးမြို့များတွင် ကြက်သွန်ဖြူဈေးနှုန်းများကျဆင်းသော်လည်း ထုတ်လုပ်ဖြန့်ဖြူးသည့် နယ်ဈေးကွက်များတွင် ကြက်သွန်ဖြူဈေးမကျ

ကြက်သွန်ဖြူ အများဆုံးထွက်ရှိသည့် ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းဈေးကွက်တွင် ကြက်သွန်ဖြူများ ထင်သလောက် ဈေးမကျသော်လည်း ရန်ကုန်ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ၄၀၀ ကျပ်မှ ၂၀၀ ကျပ်အကြား ဈေးကျဆင်းနေကြောင်း ဈေးကွက်မှစုံစမ်းသိရှိရသည်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကြက်သွန်ဖြူ အိတ်ပေါင်း ၈၀၀ ၊ ကုန်ချိန် ၂၄၀၀၀ ပိဿာဝင်ပြီး လူသုံးများသည့် ကြက်သွန်ဖြူဈေးများ ဆက်တိုက်ကျဆင်းနေသော်လည်း အောင်ပန်းဈေးကွက်တွင် ကြက်သွန်ဖြူများ ထင်သလောက်မကျဆင်းကြောင်း သတင်းရရှိသည်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ၇၃၀၀ ကျပ်မှ ၇၅၀၀ ကျပ်ရှိပြီး၊ အိမ်သုံးများသည့် ကြက်သွန်ဖြူ အောင်ပန်း ထူး ၂ မှာ တစ်ပိဿာ ၇၄၀၀ ကျပ် ၊ အောင်ပန်း ထူး ၃ မှာ တစ်ပိဿာ ၈၀၀၀ ကျပ်၊ အောင်ပန်း ထူး ၄ မှာ တစ်ပိဿာ ၈၂၀၀ ကျပ် ၊ အောင်ပန်း ထူး ၅ မှာ တစ်ပိဿာ ၈၆၀၀ ကျပ်တို့ဖြစ်ကြသည်။ "ရန်ကုန်မှာ တစ်ပိဿာ ၄၀၀ ကျပ်ကနေ ၂၀၀ ကျပ်အကြား ဈေးကျသွားတယ်။ အောင်ပန်းမှာတော့မကျဘူး။ ဒီဈေးက ဒီဈေးပဲ။ ဟု အောင်ပန်းကုန်စည်ရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အောင်ပန်းမြို့ ကုန်စည်ဈေးကွက်တွင် အောင်ပန်း ထူး ၁ တစ်ပိဿာ ၇၂၀၀ ကျပ် ၊ အောင်ပန်း ထူး ၂ တစ်ပိဿာ ၇၈၀၀ ကျပ် ၊ အောင်ပန်း ထူး ၃ တစ်ပိဿာ ၈၂၀၀ ကျပ် ၊ အောင်ပန်း ထူး ၄ တစ်ပိဿာ ၈၅၀၀ ကျပ် ၊ အောင်ပန်း ထူး ၅ တစ်ပိဿာ ၈၈၀၀ ကျပ် ၊ အောင်ပန်း ထူးလွန် တစ်ပိဿာ ၉၀၀၀ ကျပ် ၊ ကြူကုတ် ကြက်သွန်ဖြူ တစ်ပိဿာ ၈၅၀၀ ကျပ်ရှိသည်။

ရန်ကုန်ဈေးကွက်ပေါက်ဈေးနှင့်နှိုင်းယှဉ်ပါက ကြက်သွန်ဖြူ အမျိုးအစားကိုလိုက်၍ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ မှ ၄၀၀ အကြား ကွာဟနေခြင်းဖြစ်သည်။ ဈေးကွက်အတွင်းအဝယ်လိုက်သည့် ယင်းကြက်သွန်ဖြူအမျိုးအစားများ ဈေးမကျသော်လည်း အောင်ပန်း ထူး ၁ မှာ ယခင်ကထက်စာရင် ဈေးကျဆင်းလာကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးဈေးကွက်မှ သတင်းရရှိသည်။ ထူး ၁ ကတော့ အခု တစ်ပိဿာကို ၆၆၀၀ ပဲရှိတော့တာ ရှေ့တစ်ပတ်က ၇၀၀၀ ကျပ်ရှိတယ်။ တစ်ဖြည်းဖြည်း ဈေးကျလာတာ အခု ၆၆၀၀ ကျပ်ပဲရှိတယ်။ ထူး ၁ နဲ့ ထူး ၂ ကတော့ ရှမ်းပြည်မှာဈေးကျတယ်။ ကျန်တဲ့အမျိုးအစားကတော့ ဒီအတိုင်းပဲ ဈေးမကျဘူး။ ကြက်သွန်ဖြူကတော့ ဈေးထပ်ကျဖို့ရှိပါတယ်။ အသစ်ပေါ်လာရင် ဒီထက်ကျအုန်းမှာပါ"ဟု တောင်ကြီးမြို့အခြေစိုက် ရာသီစာပွဲရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တောင်ကြီးမြို့ ကြက်သွန်ဖြူဈေးကွက်တွင် အောင်ပန်း ထူး ၁ မှ တစ်ပိဿာ ၈၀၀၀ ကျပ်အထိ ဈေးမြင့်တက်ခဲ့ပြီး တစ်လ အတွင်း ဈေးတစ်ဖြည်းဖြည်းကျဆင်းလာရာ အခုအခါ တစ်ပိဿာ ၆၆၀၀ ကျပ်သာရှိတော့ကြောင်း ၊ တစ်လအတွင်း တစ်ပိဿာ ၆၀၀ ကျပ်မှ ၁၀၀၀ကျပ်အကြား ဈေးကျဆင်းလာခြင်းဖြစ်ကြောင်း ရာသီစာပွဲမှတာ ဝန်ရှိသူတစ်ဦးကပြောသည်။

လူသုံးများသည့် အောင်ပန်း ထူး ၃ မှာ တစ်ပိဿာလျှင် ၈၀၀၀ ကျပ် ၊ အောင်ပန်း ထူး ၄ မှာ ၈၅၀၀ ကျပ် ၊ အောင်ပန်း ထူး ၅ မှာ ၉၀၀၀ ကျပ်ရှိသည်။ တောင်ကြီးဈေးကွက်တွင် ယင်းဈေးနှုန်းအတိုင်း လှုပ်ခတ်မှုမရှိဘဲ ဈေးငြိမ်နေသည်မှာ နှစ်လလောက်ရှိပြီးဖြစ်သည်ဟု တောင်ကြီးကြက်သွန်ဖြူ ကုန်သည်များထံမှ သတင်းရရှိသည်။ အောင်ပန်း ထူး ၁ နှင့် အောင်ပန်းထူး ၂ ကို ရခိုင်ပြည်နယ်စစ်တွေနှင့် ကြက်သွန်ဖြူကြော်ဖိုများက အဝယ်များကြပြီး ဝယ်ယူသူ အနည်းအများပေါ် လိုက်၍ ဈေးလှုပ်ခတ်မှုရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးနှင့် အောင်ပန်းဈေးကွက်တွင် တရုတ်နယ်စပ်မှ တစ်ဆင့်တင်သွင်းလာသော ကြူကုတ်ကြက်သွန်ဖြူများမှာ တစ်ပိဿာ ၈၅၀၀ ကျပ်ရှိပြီး၊ ရန်ကုန်ဈေးကွက်နှင့်နှိုင်းယှဉ်ပါက ၁၀၀၀ ကျပ် ကွာဟလျက် ရှိသည်။

မန္တလေးမြို့ ကြက်သွန်ဖြူဈေးကွက်တွင် ကြူကုတ်ကြက်သွန်ဖြူနှင့် ရှမ်းပြည်နယ်ဒေသထွက် အောင်ပန်း ထူး ၁ ၊ အောင်ပန်း ထူး ၅ သာ လူသုံးများကြပြီး ဈေးနှုန်းမှာ တစ်ပတ်အတွင်း ၂၀၀ ကျပ်မှ ၃၀၀ကျပ်ကျဆင်းလာကြောင်း သိရှိရသည်။ "ဈေးကျတာတော့ တစ်ပတ်လောက်ရှိပြီး ဒီမှာက ရှမ်းပြည်နယ်ထွက်နဲ့ ကြူကုတ်ကိုသုံးကြတယ်။ ရှမ်းပြည်နယ်ထွက်ကတော့ နှစ်ရာ ၊ သုံးရာလောက်ဈေးကျလာတယ်။ လက္ကားဈေးမှာ ကျတာနော်။ လက်လီဈေးမှာတော့ မကျဘူး"ဟု မန္တလေးမြို့တွင်

ကြက်သွန်ဖြူရောင်းချနေသည့် မဖြူနှင်းဝေကပြောသည်။

မန္တလေးမြို့ ကြက်သွန်ဖြူဈေးကွက်တွင် တရုတ်မှတင်သွင်းသည့် ကြူကုတ်ကြက်သွန်ဖြူမှာ တစ်ပိဿာလျှင် ၇၂၀၀ ကျပ်မှ ၇၄၀၀ ကျပ် ၊ အောင်ပန်းထူး ၁ မှာ တစ်ပိဿာလျှင် ၇၄၀၀ ကျပ် ၊ အောင်ပန်းထူး ၄ မှာ တစ်ပိဿာလျှင် ၈၇၀၀ ကျပ်ရှိသည်။ ရန်ကုန်မြို့ ၊ မန္တလေးမြို့လက္ကားဈေးကွက် ရှမ်းပြည်နယ်ဒေသထွက် ကြက်သွန်ဖြူဈေးနှုန်းများနှင့် တရုတ်မှတင်သွင်းသည့် ကြူကုတ်ကြက်သွန်ဖြူဈေးနှုန်းများ ၂၀၀ ကျပ်မှ ၁၀၀၀ ကျပ်အကြား ကျဆင်းနေသော်လည်း ယင်းမြို့ကြီးများရှိ လက်လီဈေးကွက်တွင်တစ်ပိဿာလျှင် ၉၀၀၀ ကျပ်မှ ၁၂၅၀၀ ကျပ် အကြားရှိကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရသည်။

ကြက်သွန်ဖြူကို ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် စိုက်ပျိုးသော်လည်း ကြက်သွန်ဖြူ အများဆုံး စိုက်ပျိုးထုတ်လုပ်သည့်ဒေသမှာ ရှမ်းပြည်နယ်တောင်ပိုင်းဖြစ်ပြီး တစ်နှစ်လျှင် ကြက်သွန်ဖြူစိုက်ဧကပေါင်း ၁၆၄၂ ဧက စိုက်ပျိုးကြောင်းသိရှိရသည်။

**Source: AMIA**

**Myanma Awba Group**

## အိန္ဒိယနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် သကြားထွက်ရှိမှုကျဆင်းသဖြင့် မဟာရက်ရှထရာပြည်နယ်ပြင်ပသို့ ကြံများရောင်းချခြင်းကို ပိတ်ပင်တားမြစ်

မဟာရက်ရှထရာပြည်နယ်အစိုးရသည် ပြည်နယ်၏သကြားစက်များ၏ ကြိတ်ခွဲမှုများ အမြင့်မားဆုံး စွမ်းဆောင်နိုင်စေရန်အတွက် ကြံအလုံအလောက်ရှိစေရန် ကြံစိုက်တောင်သူများကို ပြည်နယ်ပြင်ပသို့ ရောင်းချခြင်းမပြုရန် တားမြစ်ထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုအပြောင်းအလဲကြောင့် နိုင်ငံ၏ဒုတိယအကြီးဆုံးသကြားထုတ်လုပ်သည့် မဟာရက်ရှထရာပြည်နယ်တွင် မိုးခေါင်ရေရှားအခြေအနေကို ကြုံတွေ့ခဲ့ရပြီး ကြံအထွက်နှုန်းကျဆင်းသွားဖွယ်ရှိကြောင်း၊ ကြံထွက်ရှိမှုနည်းပါးခြင်းသည် သကြားစက်ရုံများအကြား ယှဉ်ပြိုင်ဝယ်ယူမှုကိုဖြစ်ပေါ်စေပြီး မရိုးမသားဝယ်ယူမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် လယ်သမားများသည် ၎င်းတို့၏ကြံများကို ဈေးမြင့်ပေးသော သကြားစက်များသို့သာ ရောင်းချလိုကြောင်း သိရှိရသည်။

သကြားစက်များကြိတ်ခွဲရန်အတွက် ကြံမလုံလောက်မှုများကြုံတွေ့ရနိုင်ပြီး စက်ရုံများအတွက် ဆုံးရှုံးနစ်နာမှုများ ရှိလာနိုင်သဖြင့် ပြည်နယ်၏သမဝါယမသကြားစက်များကို ကိုယ်စားပြုအဓိကအဖွဲ့အစည်းဖြစ်သည့် Sakha Sangh ဟုသိရှိကြသော မဟာရက်ရှထရာပြည်နယ်သမဝါယမသကြားစက်ရုံများအဖွဲ့ချုပ်သည် ပြည်နယ်အစိုးရသကြားစက်များအတွက် သကြားရရှိမှုသေချာစေရန် အစီအမံများဆောင်ရွက်ရန်လိုအပ်သည်ဟု ပြည်နယ်အစိုးရထံစာရေးထားကြောင်း သိရှိရသည်။

စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသော ၂၀၂၂-၂၀၂၃ ခုနှစ် သကြားရာသီတွင် မဟာရက်ရှထရာပြည်နယ်သည် သကြားတန်ချိန် ၁၀၅ သိန်းထုတ်လုပ်ခဲ့ပြီး ယမန်နှစ်က မိုးရွာသွန်းမှုမမှန်သောကြောင့် ထုတ်လုပ်မှု ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ ယခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်သည့် ၂၀၂၃-၂၀၂၄ ခုနှစ် ရာသီချိန်တွင်လည်း ပြီးခဲ့သည့်ဩဂုတ်လအတွင်း ပူပြင်းခြောက်သွေ့မှုများကြောင့် ယခင်နှစ်ထက် ၁၄ ရာခိုင်နှုန်းခန့်လျော့နည်းပြီး တန်ချိန် ၉၀ သိန်းသို့ကျဆင်းသွားနိုင်ကြောင်း၊ ကြံစိုက်တောင်သူများသည် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုကြောင့် ကြံများမအောင်နိုင်သဖြင့် တိရစ္ဆာန်အစာအဖြစ် ရောင်းနေကြသည်ဟု ပြည်နယ်သကြားစက်အများစုက တင်ပြနေကြောင်း အမည်မဖော်လိုသူ ပြည်နယ်သကြားလုပ်ငန်းမှ အကြီးတန်းအမှုဆောင်အရာရှိကြီးတစ်ဦးက ပြောကြားထားသည်။

နိုင်ငံ၏သကြားထွက်ရှိရာဒေသဟု သိရှိကြသည့် ကိုလ်ဟာပူရ၊ ဆန်ဂလီနှင့် စတာရခရိုင်များအပါအဝင် မဟာရက်ရှထရာပြည်နယ်၏ တောင်ပိုင်းခရိုင်များ၏သကြားအထွက်နှုန်းသည် နိုင်ငံသကြားထွက်ရှိမှု၏ လေးပုံတစ်ပုံခန့်ထွက်ရှိပြီး ကြံထွက်ရှိမှုကျဆင်းသည့်အချိန်တွင် သကြားစက်အတွက် လိုအပ်သည့်ကြံကို နယ်မြေထိစပ်မှုရှိသည့် ကာနာတာကာပြည်နယ်မှ ကြံစက်များနှင့် ယှဉ်ပြိုင်ဝယ်ယူကြရကြောင်း သိရသည်။

ထို့ကြောင့် အခြားပြည်နယ်များရှိ သကြားစက်များသို့ ကြံရောင်းချခြင်းအား ပိတ်ပင်ခြင်းအပြင် ကြံကြိတ်သည့်ရာသီ တရားဝင်စတင်ခြင်းမပြုမီ ထန်းလျက်၊ ကြံသကာထုတ်လုပ်သည့်လုပ်ငန်းများကဲ့သို့သော ၁အခြားသောလုပ်ငန်းများအတွက် ကြံရိတ်သိမ်းကြိတ်ခွဲခြင်းများမပြုလုပ်ရန် မဟာရက်ရှထရာပြည်နယ်သမဝါယမသကြားစက်ရုံများအဖွဲ့ချုပ်က တောင်းဆိုထား ကြောင်းသိရသည်။

ပြည်နယ်အစိုးရသည် နှစ်စဉ်(အောက်တိုဘာလမှစက်တင်ဘာလ)အတွက် သကြားကြိတ်ခွဲခြင်းလုပ်ငန်း စတင် ဆောင်ရွက်ရမည့်ရက်ကို သတ်မှတ်ပေးကြောင်းနှင့် ယင်းသတ်မှတ်ရက်မတိုင်မီ ကြိတ်ခွဲခြင်းလုပ်ငန်းများဆောင်ရွက်သည့် သကြားစက်များကို အစိုးရက အရေးယူဆောင်ရွက်နိုင်ကြောင်းသိရှိရသဖြင့် အိန္ဒိယနိုင်ငံ၏ သကြားအဓိကထွက်ရှိသည့် ပြည်နယ်များတွင် ကြံအထွက်နှုန်းလျော့ကျနိုင်သဖြင့် သကြားစက်များပုံမှန်လည်ပတ်နိုင်ရန် ပြည်နယ်အစိုးရများမှ စီမံခန့်ခွဲ ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source: Maharashtra bans interstate sale of sugarcane as drought cuts production, The Economic Times, 19 September 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)%20_22092023_11:39

## ထိုင်းနိုင်ငံ၌ ပြည်သူများ နေ့စဉ်စားသုံးရာတွင် မရှိမဖြစ်အရေးပါသော ကုန်စည်အမျိုး ၂၀ အတွက် အောက်တိုဘာလမှစ၍ ဈေးနှုန်းလျှော့ချပေးသွားမည်ဖြစ်

ထိုင်းနိုင်ငံအစိုးရသည် ပြည်သူများနေ့စဉ်စားသုံးရာတွင် မရှိမဖြစ် အရေးပါသော ကုန်စည်အမျိုး ၂၀ အတွက် ဈေးနှုန်း လျှော့ချခြင်းကို အောက်တိုဘာလမှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပါသော ကုန်စည်များ၏ ကုန်ကျစရိတ်ပုံစံ အတွက် စိစစ်သုံးသပ်ရန်နှင့် ယခုလအတွင်း လျှပ်စစ်ဓာတ်အားခနှင့် ဒီဇယ်ဈေးနှုန်းများ လျှော့ချပြီးနောက် မရှိမဖြစ် အရေး ပါသော ကုန်စည်ဈေးနှုန်းများ လျှော့ချနိုင်ရေးအတွက် နည်းလမ်းရှာဖွေသွားရန် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနကို လမ်းညွှန် ထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr.Phumtham Wechayachai ပြောကြားခဲ့ ပါသည်။

နေထိုင်မှုကုန်ကျစရိတ်အပေါ် သက်ရောက်နိုင်သည့် ထုတ်ကုန်များအားလုံးကို စိစစ်ပြီးနောက် ကုန်ကျစရိတ်ကို ဆုံးဖြတ် ရမည်ဖြစ်ကြောင်း၊ သို့မှသာ ဈေးနှုန်းမည်မျှ လျှော့ချသင့်သည်ကို သိနိုင်မည်ဖြစ်ကြောင်း၊ အကြမ်းဖျဉ်းအားဖြင့် ဆန်၊ ကြက်သား၊ ဝက်သားနှင့် ဥအမျိုးမျိုးအပါအဝင် နေ့စဉ်မရှိမဖြစ်အရေးပါသော ကုန်စည်အမျိုး ၂၀ ၏ ဈေးနှုန်းကို လျှော့ချ သွားမည်ဖြစ်ကြောင်း ဝန်ကြီးကဆက်လက်ပြောကြားပါသည်။

ထုတ်လုပ်သူ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူများအကြား ညီညွတ်မျှတစေရန်အတွက် စက်တင်ဘာလ နောက်ဆုံးပတ်တွင် လုပ်ငန်းလည်ပတ်နေသူများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ ဖူလုံရေးကိုရှေးရှု၍ ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ခြင်းဖြင့် ဆောင်ရွက်သွားမည့် အဓိကနယ်ပယ် ၇ ခုအတွက် လမ်းညွှန်ခဲ့ပြီးဖြစ်ပါကြောင်း ဝန်ကြီး Mr. Phumtham က ဖြည့်စွက် ပြောကြားခဲ့ပါသည်။

**Source: www.bangkokpost. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_220920230950

# STOCK EXCHANGE (22.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 22nd Sep. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,501 (Shares) | 18,113,900 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,900 | 9,000 | 8,900 | 401 | 3,605,800 | 33,109,694 | 297,987 |
| MTSH | 00002 | 3,050 | +50 | +1.67% | 2,950 | 3,050 | 2,950 | 1,639 | 4,844,600 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 2,387 | 4,054,900 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 3 | 7,200 | 12,823,224 | 30,776 |
| EFR | 00006 | 2,200 | +100 | +4.76% | 2,200 | 2,200 | 2,200 | 450 | 990,000 | 19,977,223 | 43,950 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 11 | 53,900 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 2,610 | 4,557,500 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 22nd Sep. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.45 | +3.85 | +1.03% | 372.57 | 377.45 | 372.57 | 7,501 | 18,113,900 | 8 | 711,941 |

### Index chart




YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myanm: Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 22nd Sep. 2023

| Trading Volume | Trading Value |
|---|---|
| 7,501 (Shares) | 18,113,900 (MMK) |

## Main Board

As of 1:00 pm, 22nd Sep. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,501 (Shares) | 18,113,900 (MMK) |

| MYANPIX | 377.45 ▲ 3.85 |
|---|---|
| Total Volume (shares) | 7,501 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 711,941 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,050 | ▲ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,200 | ▲ 100 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |